# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 13 , 2025 | Volume 95, Number 7


**၁၃. ၁၀.၂၀၂၅**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၃.၃၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၇.၄၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၉၇.၈၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၈.၉၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၄၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၀၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၉၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၅၅ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်တွင်း ထောပတ်သီးဈေးကွက်တွင် လာမည့်အောက်တိုဘာ လလယ်ခန့်မှစတင်၍ ဈေးကောင်းရနိုင်



ပြည်တွင်းထောပတ်သီးဈေးကွက်တွင် Hass ထောပတ်သီးများ ဈေးကွက်သို့ စတင်ဝင်ရောက်နေပြီဖြစ်သော်လည်း အောက်တိုဘာလလယ်နောက်ပိုင်းတွင် ဈေးကောင်းရလာတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ဒီနှစ်မှာ မိုးကောင်းတော့ ထောပတ်သီးက မနှစ်ကထက် အထွက်နှုန်းပိုလာပေမဲ့ ရောဂါပိုးပြဿနာ နည်းနည်းတော့ ကြုံရတယ်။ ပြည်ပ မပို့နိုင်သေးပေမဲ့လည်း ပြည်တွင်းဈေးကွက်မှာဝယ်လိုအားကောင်းလို့စိုက်ပျိုးတောင်သူတွေအတွက် ဈေးကွက် အာမခံချက်ရှိပါတယ်။ အခု လဆန်းပိုင်းမှာတော့ ဈေးကောင်းမရသေးဘူး”ဟု ၎င်းက ပြောသည်။

လက်ရှိ ထောပတ်သီးဈေးကွက်တွင်တစ်ကီလို ငွေကျပ် ၄၀၀၀ ဝန်းကျင်နှင့်ပရီးမီးယားအဆင့်ဆိုပါက ငွေကျပ် ၆၀၀၀ ရရှိကြောင်း၊နယ်စပ်လမ်းကြောင်းမှ တင်ပို့သည့် ကုန်သည်များက တစ်ကီလိုလျှင် အရွယ်သေး၊ အလတ်၊ အကြီးရောရာကို ငွေကျပ် ၃၀၀၀– ၃၅၀၀ ဖြင့်လည်းကောင်း၊ ဗ–အဆင့်ဆိုပါက ငွေကျပ် ၄၀၀၀ နှင့် ပရီးမီးယားဆိုပါက ငွေကျပ် ၆၀၀၀ ဖြင့်လည်းကောင်း ဝယ်ယူနေကြောင်း သိရသည်။

“စင်ကာပူနိုင်ငံပို့ဖို့လုပ်နေတဲ့ကုမ္ပဏီလည်းရှိတယ်။ ပြည်ပကို တင်ပို့ရာမှာ ထောပတ်ဆီထုတ်ဖို့နဲ့ စားသုံးဖို့ပါ။ မြန်မာထောပတ်သီးက ကမ္ဘာ့ဈေးကွက်မှာ နေရာရရှိနေတဲ့အတွက် ပြည်တွင်းမှာ စိုက်ပျိုးသူများလာတယ်။ ပြည်ပတင်ပို့နိုင်ရင် ဈေးကွက်က ဒီထက်ပိုကောင်းလာနိုင်တယ်” ဟု ဆက်လက်ပြောကြားသည်။

ထောပတ်သီးမှာ အရသာကောင်းမွန်ခြင်းနှင့် ဆေးဖက်ဝင်ခြင်းတို့ကြောင့် ပြည်တွင်းစားသုံးမှုမှာတစ်နှစ်ထက်တစ်နှစ်တိုးတက်များပြားလာသည့်အတွက် ပြည်တွင်းဈေးကွက်တွင် အွန်လိုင်းမှလည်းကောင်း၊ ဈေးများတွင်လည်းကောင်း၊ ရပ်ကွက်အတွင်း လှည့်လည်၍လည်းကောင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## မြန်မာနိုင်ငံ ဒူးရင်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ပေါ်ပေါက်လာဖို့ ကြိုးပမ်းနေ



မြန်မာနိုင်ငံ ဒူးရင်းစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ပေါ်ပေါက်လာဖို့ ကြိုးပမ်းဆောင်ရွက်နေတယ်လို့ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းထံမှ သိရပါတယ်။

နိုင်ငံနှင့် စိုက်ပျိုးတောင်သူတို့အတွက် အကျိုးရှိတဲ့ သီးနှံတစ်ခုဖြစ်တဲ့ ဒူးရင်းသီးနှံကို စိုက်ပျိုး၊ထုတ်လုပ်၊တင်ပို့ရောင်းချသူများပါဝင်တဲ့တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အစုအဖွဲ့တွေအဖြစ်သာ လက်ရှိမှာ စုဖွဲ့ထားရှိပြီး ယခု အောက်တိုဘာလအတွင်း အသင်းအဖြစ် ပေါ်ပေါက်လာစေဖို့အတွက် အဆိုပါအသင်းအနေနဲ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်

"ဒူးရင်းသီးနှံက အခြားနိုင်ငံတွေက အလုံးအရင်းနဲ့ စိုက်ပျိုးထုတ်လုပ်လာကြပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း ဒူးရင်းသီး အဓိကထွက်တဲ့ တနင်္သာရီတိုင်းဒေသကြီးအပါအဝင် အဖွဲ့တွေ ဖွဲ့စည်းထားပြီး တိုင်းနဲ့ပြည်နယ် ၇ ခုအထိ ပြည့်သွားပြီဆိုရင် ကျွန်တော်တို့က မြန်မာနိုင်ငံဒူးရင်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဆိုပြီး ဖွဲ့ဖို့ ကြိုးပမ်းစီစဉ်နေတာ ဖြစ်ပါတယ်" လို့ ၎င်းအသင်းရဲ့ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအနေနဲ့ မြန်မာနိုင်ငံ ဒူးရင်းစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းပေါ်ပေါက်လာဖို့အတွက် လွန်ခဲ့တဲ့ ၃ နှစ်ကတည်းက ဆောင်ရွက်ခဲ့တာဖြစ်ပြီးလက်ရှိမှာရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွေမှာဒူးရင်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့များကိုဖွဲ့စည်းထားခဲ့ပြီးတိုင်းဒေသကြီးနဲ့ ပြည်နယ် ၇ ခုအထိ စုဖွဲ့ပြီးပါက အသင်းအနေနဲ့ ဖွဲ့စည်းထူထောင်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

ဒူးရင်းသီးနှံအား မိရိုးဖလာစိုက်ပျိုးနည်းစနစ်မှစိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(Good Agricultural Practices –GAP)စနစ်ဖြင့် ပြောင်းလဲစိုက်ပျိုးထုတ်လုပ်၍ တရုတ်နိုင်ငံ ဈေးကွက်သို့ တင်ပို့သွားမည်ဖြစ်ကြောင်းလည်း သိရပါတယ်။

ဒူးရင်းက မြန်မာနိုင်ငံရဲ့ နောင်အနာဂတ်မှာ တအားကောင်းမဲ့သီးနှံဖြစ်ပါတယ်။ ဒူးရင်းသီးကို တရုတ်ပြည်က ဆိုရင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံဖိုးလောက်စားတယ်။ အဲဒီဈေးကွက်ကို ထိုင်းက ၄ ဘီလီယံကျော် ယူထားတယ်။ ဗီယက်နမ် ကလည်း ၄ ဘီလီယံလောက်ယူထားတယ်။ မလေးရှားက ၂ ဘီလီယံ လောက်ယူထားတယ်။ စုစုပေါင်း အဲဒီ ဒေါ်လာ ၁၀ ဘီလီယံဖိုးကို တရုတ်ပြည်က ပီကင်း၊ ကွမ်ကျိုးနဲ့ ရှန်ဟိုင်းမြို့ ၃ မြို့ပဲစားသေးတာ၊ ဒါကြောင့် ဒူးရင်းစိုက်တဲ့ သူတွေအနေနဲ့ ထွက်လာတဲ့ ဒူးရင်းအားလုံးကို တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ရတော့မယ်။ ကျွန်တော်တို့ဟာ သူတို့နိုင်ငံက ဒူးရင်းသီးဝယ်တဲ့သူတွေ ကို သွားစုံစမ်းရမယ်။ တရုတ်နိုင်ငံက ဈေးကွက်ကိုရှာမယ်။ မြန်မာနိုင်ငံကအနေအထားကို သူတို့ကိုချပြပါမယ် လို့ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန် ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ဒူးရင်းမျိုးများမှာ အနံ့အရသာကောင်းမွန်ပြီး အထွက်နှုန်းကောင်းမွန်သောဒူးရင်းမျိုးကို ရွေးချယ်ဖော်ထုတ်နိုင်ရန်၊ အရည်အသွေးကောင်းဒေသမျိုးများကို ပြည်တွင်းစားသုံးသူဈေးကွက်နှင့် ပြည်ပ ဈေး

ကွက်သို့ မိတ်ဆက်ပေးနိုင်ရန်၊ ဒူးရင်းသီးနှံကို စနစ်တကျ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်ရရှိစေရန်နှင့် ပြည်တွင်းစားသုံးမှုသာမက ပြည်ပဈေးကွက်သို့ အရည်အသွေးမြင့် မြန်မာပို့ကုန်တစ်ခုအဖြစ် တိုးတက်တင်ပို့ရောင်းချနိုင်ရန် မြန်မာ့ဒူးရင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်သစ်ဖော်ထုတ်ပေးနိုင်ရေးဖိုရမ်ကို လွန်ခဲ့တဲ့ ဇွန်လ ၂၅ ရက်နေ့က ကျင်းပခဲ့ကြောင်းလည်း သိရပါတယ်။

**Source : Myanmar Future NewsAgency**

## ဆားကွင်းလုပ်သားရှားပါးမှုနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ဆားဈေးတက်နေ



ဆားကွင်းလုပ်သားရှားပါးမှုနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့် ဆားဈေးမြင့်တက်နေခြင်းဖြစ်ကြောင်း ဆားလုပ်ငန်းရှင်တစ်ဦးထံက သိရသည်။

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် နောက်ဆုံးလပိုင်းနှင့်၂၀၂၅ ခုနှစ်အစောပိုင်းကာလများတွင် ဆားကွင်းလုပ်သားလိုအပ်ချက်ကြောင့် ဆားသိုလှောင်ခွင့် ကောင်းစွာမရသည့်အတွက် ဆားဂိုထောင်မှထွက်သည့် ဆားကြမ်းတစ်ပိဿာလျှင် ကျပ် ၂၈၀ အထိဈေးမြင့်တက်ခဲ့ကြောင်းသိရသည်။

"ကျွန်တော်တို့ကွင်းတွေမှာ ဆားထမ်းလုပ်သားမရှိတဲ့အတွက် ကွင်းထဲမှာ ဆားတွေကျန်နေခဲ့တယ်။ မထမ်းနိုင်ဘူး။ အဲဒီမှာ ဆားက လိုတဲ့အတိုင်းအတာ မရနိုင်တော့ဘူး။ အဲဒါ ၂၀၂၅ ပေါ့နော်။ အဲဒီမှာ ဆားအဝင်နည်းသွားပြီး ဆားခွက်ထဲမှာပဲရှိတယ်။ ဂိုထောင်ထဲကို မရောက်နိုင်တဲ့အတွက် ရောင်းဖို့ဆားက ဆားကွင်းပိုင်ရှင်တွေက ရောင်းဖို့က ဂိုထောင်ထဲရောက်မှရောင်းရမှာ ဖြစ်တဲ့အတွက် ကျုံးပေးတဲ့ အလုပ်သမားမရှိလို့ ဆားကိုအများကြီး မရောင်းပေးနိုင်ဘူး။ ရာသီကလည်း ပွင့်လင်းရာသီဖြစ်တဲ့အတွက်ကြောင့် ဆားကလည်း လိုအပ်ချက်ဖြစ်လာတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ပေါ့နော်။ အဲဒီမှာ ဆားမရဘူး ဆိုရင် ကျပ် ၁၈၀ ပေးမယ်။နောက် ကျပ် ၁၈၀ မရတော့ဘူးဆိုရင် ကျပ်၂၀၀ နဲ့ရောင်း၊ အဲဒီလိုဖြစ်ကုန်တယ်။၂၀၂၅ နှစ် စမှာပဲ ဈေးတက်ပြီးတော့ ၂၀၀ တန်း ဖြစ်တာပဲ"ဟု ဆားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

၂၀၂၅ ခုနှစ် ဧပြီလသို့ရောက်လာသောအခါ ဈေးကွက်အတွင်းသို့ ဆားဝင်ရောက်မှုနည်းပါးနေသည့်ကြားမှ အချိန်အခါမဟုတ်ရွာသွန်းလာသည့်မိုးကြောင့် ဆားကွင်းများ ရေနစ်မြုပ်ရာမှ ပြည်တွင်းဆားလိုအပ်ချက်များစွာဖြစ်ပေါ်ခဲ့ရာ ဂိုထောင်ဆားဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

"တစ်ခါမှမကြုံဖူးတဲ့ရာသီဥတုစိန်ခေါ်မှုကို ၂၀၂၅ ခုနှစ် ဧပြီလ ၁၁ ရက်မှာ သင်္ကြန်လက်ဆေးမိုးလို့ခေါ်ရမှာပေါ့။ အဲဒီမိုးက သင်္ကြန်လက် ဆေးမိုးလိုမဟုတ်ဘဲနဲ့ ကွင်းသိမ်းမိုးဖြစ်သွားတယ်။ တစ်ခါတည်း ကွင်းအားလုံးသိမ်းရတယ်။ မွန်ပြည်နယ်မှာရှိတဲ့ဆားကွင်းတွေ အားလုံးပဲ။ အဲဒီမိုးဟာ ဧပြီလ ၁၁ ရက်က ရွာလိုက်တာ တစ်လလုံး မေလမုတ်သုံဝင်တဲ့အထိကို ရွာပစ်လိုက်တော့ဆားတွေမရှိတော့ဘဲ ဆားပြတ်ကုန်တာ။ မိုးရွာလိုက်တော့ ဆားကမျောကုန်တာ။အဲဒါကြောင့် ဆားဈေးတွေက သင်္ကြန်အလွန်တော့ သိမ်းပြီးတာနဲ့ ၅၀၀ အထိ တန်းဖြစ်တာပဲ။အဲဒီကနေ ဆားမရှိတာနဲ့ ဆင့်ကဲဆင့်ကဲတက်လာရင်းနဲ့ ဆားကြမ်းဈေးက ၁၀၀၀ အထိ ဖြစ်သွားတာ။အဲဒီမိုးကဧရာဝတီတိုင်းဒေသကြီးကဆားကွင်းတွေအထိပါရိုက်ခတ်သွားတယ်"ဟု ၎င်းက ပြောသည်။

တစ်နိုင်ငံလုံး ဆားထုတ်လုပ်မှု၏ ၆၆ ရာခိုင်နှုန်းခန့်ကို ဧရာဝတီတိုင်းဒေသကြီးကထုတ်လုပ်ပေးနေပြီး ၃၄ ရာခိုင်နှုန်းခန့်ကို ရခိုင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ထုတ်လုပ်ကြောင်းသိရသည်။

သို့သော်လည်း ဈေးကွက်အတွင်း ဆားလိုအပ်ချက်မြင့်မားနေသည့်ကြားမှ ဆားကွင်းလုပ်သားလိုအပ်ချက်နှင့် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းကြောင့် လက်ရှိ ဆားဂိုထောင်အများစုတွင် လက်ကျန်ဆား မရှိသည့် အခြေအနေသို့ရောက်ရှိနေကြောင်း သိရသည်။

"ရောဝတီတိုင်းဒေသကြီးလည်း ဧပြီလ ၁၂ ရက်က ကွင်းသိမ်းမိုးဖြစ်သွားတော့ သူတို့မှာလည်း ဆားမရှိတော့ဘူး။ နောက်တစ်ခုက မတ်လ ၁၅ ရက်မှာလည်း ကွင်းတွေမြုပ်အောင် မိုးရွာလိုက် တဲ့အတွက် ဆားမရှိဘူး။ ရောဝတီတိုင်းလည်း ဆားမရှိသလို မွန်ပြည်နယ်လည်း ဆားမရှိဖြစ်သွားတယ်။ အဓိက ကတော့ လုပ်သားလိုအပ်ချက်နဲ့ ရာသီဥတုကြောင့် ပိုပြီး ဆားဈေးမြင့်တက်နေတာ။ဆားဈေးကို တင်ချင်လို့တင်တာမဟုတ်ဘဲ အဲဒီလိုဖြစ်သွားတာ" ဟု ၎င်းကဆိုသည်။

အိမ်သုံးဆားကြမ်းဈေးကွက်တွင်လည်း တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ အထိ ဈေးမြင့်တက်နေကြောင်း သိရသည်။

**Source :** https://www.npnewsmm.com/

## ကန့်ဘလူမြို့နယ်တွင် ဒေသထွက်နွားနို့ရောင်းချသူများ ဝင်ငွေရရှိနေ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်မြို့ပေါ်နှင့် နတ်ပေးကျေးရွာ၊ နတ်အင်းကျေးရှိ ရွာတောင်သူဦးကြီးများသည် မိမိတို့ရဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအပြင် တစ်ပိုင်တစ်နိုင်ဒေသနွားနှင့်မေထုံနွား များ မွေးမြူ၍ နွားနို့များညှစ်ကာ မိသားစုစားဝတ်နေရေး အဆင်ပြေအောင် ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည် ။

မေထုံနွားမတစ်ကောင်ကို တစ်ရက် နို့ ၇ ပိဿာခန့်နှင့် ဒေသနွားမတစ်ကောင်ကို ၃ ပိဿာခန့် ထွက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ တတိယပတ်တွင် ရောင်းချလျက်ရှိသော ဒေသထွက်နွားနို့ ၁ လီတာ ၁ ဘူးလျှင် ၁၅၀၀ မှ ၂၀၀၀ ကျပ်၊ နို့စားနွားနို့ ၁ လီတာ ၁ ဘူးလျှင် (၁၃၀၀မှ ၁၆၀၀) ကျပ်တို့ဖြင့် ရောင်းချပြီး လက်ဖက်ရည်ဆိုင်များ၊ နွားနို့ကြိုက်နှစ်သက်သူများက နေ့စဉ်ဝယ်ယူလျက်ရှိကြောင်း ဒေသထွက်နွားနို့ရောင်းချသူထံမှ သိရသည်။

**Source : DOCA(**စစ်ကိုင်း)

https://www.doca.gov.mm/

TIR

## အီးယူနှင့်အခြားဈေးကွက်နိုင်ငံများမှ ဆန်နှင့်ဆန်ကွဲပြန်ဝယ်နေ



မြန်မာ့ဆန်နဲ့ ဆန်ကွဲရဲ့ အဓိကဝယ်လက်နိုင်ငံတွေဖြစ်တဲ့ အီးယူနဲ့ အခြားဈေးကွက်တွေက ဆန်နဲ့ဆန်ကွဲတွေ စတင်ဝယ်ယူနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းကနေ သိရပါတယ်။

အီးယူက ၅ မှတ်ဆန် (DPS) တစ်တန်ကို ဒေါ်လာ ၃၃၀၊ ၅ မှတ် (ပေါင်းဆန်) တစ်တန်ကို ဒေါ်လာ ၄၄၀-၄၅၀၊ အာရှဈေးကွက်က ၅ မှတ်ဆန် (DPS) တစ်တန်ကို ဒေါ်လာ ၃၂၅ နဲ့ ဈေးပေးဝယ်နေတယ်လို့ ဆိုပါတယ်။

ဒါ့ပြင် တရုတ်ဈေးကွက်ကို သုခအမျိုးအစား ၁၀ မှတ်ဆန် (DPS) တစ်တန်ကို ဒေါ်လာ ၃၂၅-၃၃၀၊ အာဖရိကဈေးကွက်ကို ၃၅ မှတ်ဆန် (ရိုးရိုးစ) တစ်တန်ကို ဒေါ်လာ ၂၇၅-၂၈၀၊ ဆန်ကွဲ B1,2 တစ်တန်ကို ဒေါ်လာ ၂၇၅ ဈေးနှုန်းတွေနဲ့ ရောင်းနေရတယ်လို့ သိရပါတယ်။

ကမ္ဘာ့ဆန်ဈေးကွက်မှာ မြန်မာ့ဆန်ဈေးနှုန်းတွေက အနိမ့်ဆုံးနှုန်းထားဖြစ်နေပြီး ယခုထက်ပိုပြီး ဈေးမကျနိုင်တော့တာကြောင့် ပို့ကုန်ကုမ္ပဏီကြီးတွေအနေနဲ့ ဈေးနှုန်းတွေကို လျှော့ရောင်းစရာမလိုတဲ့အကြောင်း အသင်းတာဝန်ရှိသူက တိုက်တွန်း

ထားပါတယ်။

တောင်သူကြီးများကလည်း စပါးအရည်အသွေးကောင်းမွန်ရန် ရင့်မှည့်ညီညာမှ ရိပ်သိမ်းပေးကြပါလို့လည်း ၎င်းက အကြံပြု ထားပါတယ်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)အနေနဲ့ အောက်တိုဘာလမှ ၂၀၂၆ ခုနှစ် မတ်လကုန်အထိ တစ်လကို ဆန်/ဆန်ကွဲ တန်ချိန် ၃ သိန်းနှုန်းနဲ့ စုစုပေါင်း တန်ချိန် ၁၈ သိန်း တင်ပို့ဖို့ လျာထားဆောင်ရွက်နေပါတယ်။

ယခုဘဏ္ဍာနှစ်မှာ ဆန်/ ဆန်ကွဲတန်ချိန် ၃ သန်း တင်ပို့နိုင်ဖို့ အသင်းချုပ်နဲ့ ပို့ကုန်ကုမ္ပဏီကြီးတွေက ကြိုးပမ်းဆောင်ရွက် လျက်ရှိပြီး ပြီးခဲ့တဲ့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာ တန်ချိန် ၂ ဒသမ ၄၈ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

**Source : BETV Business**

## ဖိလစ်ပိုင်၌ သဘာဝဘေးအန္တရာယ်များကြောင့် လယ်ယာကုန်ထုတ်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၂၄ သန်းခန့် ပျက်စီးဆုံးရှုံး



ဖိလစ်ပိုင်နိုင်ငံကို ယခုလအတွင်း ဝင်ရောက်တိုက်ခတ်ခဲ့သည့် အပူပိုင်းမုန်တိုင်း မီတက်ဂ်နှင့်ဆူပါတိုင်ဖွန်း ရာဂါဆာတို့ကြောင့် စိုက်ပျိုးရေး ကဏ္ဍအတွက် ခန့်မှန်းခြေ ဖိလစ်ပိုင်ငွေ ပီဆို ၁ဒသမ ၃၈ ဘီလီယံ(အမေရိကန်ဒေါ်လာ ၂၄ သန်း ခန့်) ပျက်စီးဆုံးရှုံးခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနက စက်တင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်သည်။

ဖိလစ်ပိုင်နိုင်ငံ၏ ဒေသကိုးခုတွင်အဆိုပါ အင်အားပြင်းမုန်တိုင်းများကြောင့် လယ်မြေ ၄၇,၇၂၃ ဟက်တာပျက်စီးခဲ့ပြီး တောင်သူနှင့် စိုက်ပျိုးရေးလုပ်သား ၅၅,၅၉၅ ဦးခန့် ထိခိုက်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။ ပဏာမခန့်မှန်းချက်များအရ ဆန်၊ ပြောင်း၊ တန်ဖိုးမြင့်သီးနှံများနှင့် မွေးမြူရေးလုပ်ငန်းတွင် ထုတ်လုပ်မှု ၁၀၉,၉၉၇ မက်ထရစ်တန်ဆုံးရှုံးခဲ့ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဦးစီးဌာနက ထပ်လောင်း ဖော်ပြသည်။

မကြာသေးမီရက်များအတွင်းဖိလစ်ပိုင်အလယ်ပိုင်းရှိ အဓိကစိုက်ပျိုးရေးဇုန်များကို ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ပြင်းထန်သော အပူပိုင်းမုန်တိုင်း ဘူအလွိုင်(Bualoi) ဒဏ်ခံရသော ဒေသများမှ ပျက်စီးဆုံးရှုံးမှုစာရင်းများကိုလည်း စိုက်ပျိုးရေးဌာနက ဆက်လက် စုဆောင်းနေသည်ဟုဆိုသည်။

သဘာဝဘေးအန္တရာယ်များဖြစ်သည့် အပူပိုင်းမုန်တိုင်း မီတက်ဂ်၊ ရာဂါဆာနှင့် ဘူအလွိုင် သုံးခုတွင် အနည်းဆုံး ၂၆ ဦး သေဆုံးခဲ့ပြီး ၁၄ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အမျိုးသား သဘာဝဘေး အန္တရာယ်လျော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီက စက်တင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှု၊ရေကြီးမှုနှင့်မြေပြိုမှုများကြောင့်တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အိမ်ထောင်စုပေါင်း ၇၃၈,၀၀၀ ကျော် (လူဦးရေ ၂ ဒသမ ၇၉ သန်းကျော် ) ထိခိုက်ခဲ့ကြောင်း အဆိုပါကောင်စီက ထုတ်ပြန်ထားသည်။

**Source: ဆင်ဟွာ**

**DOCA(ပြည်ထောင်စုနယ်မြေ)**

https://www.doca.gov.mm/

## ဆီကြိတ်ပြီးဖွဲဖတ် တင်ပို့မှုတားမြစ်ချက် အိန္ဒိယအစိုးရ ပြန်လည်ရုပ်သိမ်း



အိန္ဒိယနိုင်ငံအနေဖြင့် ဆီကြိတ်ပြီးဖွဲဖတ်များ ပြည်ပသို့ တင်ပို့မှုအား ၂ နှစ်ကျော်ကြာ တားမြစ်ပိတ်ပင်ထားရှိခဲ့သည့် ကန့်သတ်ချက်များကို အောက်တိုဘာ ၃ ရက်နေ့တွင် ပြန်လည်ဖယ်ရှားလျက် လက်ငင်းအကျိုးသက်ရောက်မှုရှိစေခဲ့ကြောင်း အိန္ဒိယအစိုးရက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ၌ ပိတ်ပင်မှုများ မချမှတ်မီက အိန္ဒိယသည် နှစ်စဉ် ရူပီး ၁၀ ဘီလီယံခန့် တန်ဖိုးရှိသော ဆီကြိတ်ပြီးဖွဲဖတ် တန်ချိန် ၅၀၀,၀၀၀ ခန့်ကို အဓိကအားဖြင့် ဗီယက်နမ်၊ ထိုင်းနှင့် အခြားအာရှနိုင်ငံများသို့ တင်ပို့ခဲ့သည်။

ထိုသို့ ပြည်ပသို့တင်ပို့မှု ပြန်လည်စတင်ခြင်းသည် မွေးမြူရေးလုပ်ငန်း အစားအစာအဖြစ် အသုံးပြုသည့် ဆီကြိတ်ပြီးဖွဲဖတ်နှင့် ဖွဲနုဆီ နှစ်မျိုးလုံး ထုတ်လုပ်မှုကို မြင့်မားလာစေမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အိန္ဒိယ ဆီကြိတ်ခွဲထုတ်လုပ်သူများအသင်း (Solvent Extractors' Association of India – SEA) ၏ အချက်အလက်များအရ ၂၀၂၃ ခုနှစ် ဇူလိုင်လမှစ၍ ဆီကြိတ်ပြီးဖွဲဖတ်ဈေးနှုန်းသည် တစ်တန်လျှင် အိန္ဒိယ ရူပီး ၁၀,၀၀၀ (၁၁၃ ဒေါ်လာ) ခန့်အထိ ထက်ဝက်ကျဆင်းခဲ့ကြောင်း သိရသည်။

ဆီကြိတ်ပြီးဖွဲဖတ် တင်ပို့မှုသည် အထူးသဖြင့် အိန္ဒိယနိုင်ငံ အရှေ့ပိုင်းတွင် ဆန်စပါးကြိတ်ခွဲ ထုတ်လုပ်ခြင်းနှင့် ဆီကြိတ်ထုတ်ယူခြင်းလုပ်ငန်းတို့ကို အကျိုးဖြစ်ထွန်းစေပြီး လယ်သမားများနှင့် ပြုပြင်ထုတ်လုပ်သူများ အနေဖြင့် ဘေးထွက်ပစ္စည်းဖြစ်သော ဖွဲနုမှ ထွက်ကုန်တန်ဖိုး ပိုမိုရရှိစေရန် အထောက်အကူဖြစ်စေသည်ဟု SEA ၏ အမှုဆောင် ဒါရိုက်တာ B.V. Mehta က ပြောကြားခဲ့သည်။

ကမ္ဘာ့အကြီးဆုံး ဟင်းသီးဟင်းရွက်ဆီ တင်သွင်းသူဖြစ်သော အိန္ဒိယသည် မလေးရှား၊ အင်ဒိုနီးရှား၊ အာဂျင်တီးနား၊ ရုရှားနှင့် ယူကရိန်းတို့ကဲ့သို့သော နိုင်ငံများမှ စားအုန်းဆီ၊ ပဲဆီနှင့် နေကြာဆီတို့ အပါအဝင် စားသုံးဆီများကို တင်သွင်းလျက်ရှိသည်။

ဆီကြိတ်ပြီးဖွဲဖတ် တင်ပို့မှု ပြန်လည်စတင်ခြင်းသည် ဖွဲနုမှဆီထုတ်ယူမှုကို အမြတ်အစွန်းဖြစ်စေပြီး ဖွဲနုဆီထုတ်လုပ်ပေးသွင်းမှုကို မြှင့်တင်နိုင်သည့်အပြင် အိန္ဒိယ၏ ဆီတင်သွင်းရန် လိုအပ်ချက်ကို လျှော့ချနိုင်မည်ဖြစ်ကြောင်း Mr. Mehta က ပြောခဲ့သည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း Lucknow မြို့အခြေစိုက် ဆီစက်လုပ်ငန်းရှင် Ajay Jhunjhunwala ကလည်း ဆီကြိတ်ပြီး ဖွဲဖတ်တင်ပို့မှုများသည် ဒေသတွင်းဈေးနှုန်းများကို ပြန်လည်ကောင်းမွန်စေပြီး ဆန်စပါးလုပ်ငန်းနယ်ပယ်အတွက် ပိုလျှံနေသောထုတ်ကုန်များကို တင်ပို့နိုင်စွမ်းရရှိစေမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

**Source:Reuters,3October2025**

(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

https://www.doca.gov.mm/

## STOCK EXCHANGE (13.10.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 13th Oct. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,838 (Shares) | 35,000,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +100 | +1.22% | 8,000 | 8,300 | 8,000 | 931 | 7,541,300 | 33,109,694 | 274,811 |
| MTSH | 00002 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 6,391 | 21,729,400 | 38,929,150 | 132,359 |
| MCB | 00003 | 7,800 | -100 | -1.27% | 7,800 | 7,800 | 7,800 | 1 | 7,800 | 10,400,986 | 81,128 |
| FPB | 00004 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,400 | 395 | 1,025,800 | 29,664,613 | 77,128 |
| TMH | 00005 | 2,650 | -100 | -3.64% | 2,650 | 2,650 | 2,650 | 97 | 257,050 | 12,823,224 | 33,982 |
| EFR | 00006 | 1,850 | -100 | -5.13% | 1,850 | 1,900 | 1,850 | 1,561 | 2,888,600 | 19,977,223 | 36,958 |
| AMATA | 00007 | 3,400 | +0 | +0.00% | 3,250 | 3,400 | 3,250 | 105 | 342,450 | 10,497,598 | 35,692 |
| MAEX | 00008 | 3,400 | +0 | +0.00% | 3,350 | 3,400 | 3,350 | 357 | 1,208,000 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 13th Oct. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 399.22 | -0.53 | -0.13% | 392.48 | 399.22 | 391.09 | 9,838 | 35,000,400 | 8 | 752,995 |

**Index chart**




### Market Overview

### Grand Total Trading (Total trading (MB) + Total trading (PLB))

As of 1:00 pm, 13th Oct. 2025

| Trading Volume | Trading Value |
|---|---|
| 10,850 (Shares) | 37,733,400 (MMK) |

### Main Board

As of 1:00 pm, 13th Oct. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,838 (Shares) | 35,000,400 (MMK) |

| MYANPIX | 399.22 |
|---|---|
| | ▼ 0.53 |
| Total Volume (shares) | 9,838 |
| Total Value (MMK) | 35 mil |
| Listed Company | 8 |
| Market Cap. (MMK) | 752,995 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 100 |
| MTSH | 00002 | 3,400 | ▲ 0 |
| MCB | 00003 | 7,800 | ▼ 100 |
| FPB | 00004 | 2,600 | ▲ 0 |
| TMH | 00005 | 2,650 | ▼ 100 |
| EFR | 00006 | 1,850 | ▼ 100 |
| AMATA | 00007 | 3,400 | ▲ 0 |
| MAEX | 00008 | 3,400 | ▲ 0 |